**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

**ဒုတိယဦးစီးမှူးရာထူး (၁၅) နေရာအတွက် ပဏာမရွေးချယ်ခံရကြောင်း**

**အသိပေးကြေညာခြင်း**

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးရာထူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး (၁၅) နေရာ၌ ခန့်ထားနိုင်ရေးအတွက် ၂၄-၈-၂၀၂၄ ရက်နေ့နှင့် ၅-၁၀-၂၀၂၄ ရက်နေ့တို့၌ ကျင်းပပြုလုပ်ခဲ့သည့် ရေးဖြေနှင့် လူတွေ့စာမေးပွဲများတွင် ဖြေဆိုအောင်မြင်သူ ပူးတွဲပါပုဂ္ဂိုလ်များအား ပဏာမရွေးချယ်ခြင်းခံရသဖြင့် အောက်ဖော်ပြပါသတ်မှတ်ချက်များအတိုင်း ဆက်သွယ်ဆောင်ရွက်ပါရန် အကြောင်းကြားပါသည် -

(က) ပဏာမရွေးချယ်ခြင်းခံရသူများသည် ၂၃-၁၀-၂၀၂၄ ရက်နေ့မှ ၂၈-၁၀-၂၀၂၄ ရက်နေ့ ရုံးချိန်အတွင်း ဤဦးစီးဌာန၏ ရုံးချုပ်တည်ရှိရာ ရုံးအမှတ်(၃၄)၊ နေပြည်တော်သို့လည်းကောင်း၊ ချင်းပြည်နယ်မှ ဖြေဆိုအောင်မြင်သူသည် လမ်းခရီးအခက်အခဲအရ ချင်းပြည်နယ်ရုံးသို့ လည်းကောင်း သတင်းပို့ရမည် ဖြစ်ပါသည်။

(ခ) ၂၈-၁၀-၂၀၂၄ ရက်နေ့ ရုံးချိန်ကုန်ဆုံးသည်အထိ လူကိုယ်တိုင် လာရောက်သတင်းပို့ခြင်း မရှိပါက ဤဦးစီးဌာနတွင် ဝင်ရောက်လုပ်ကိုင်လိုသည့် ဆန္ဒမရှိဟု ယူဆမည်ဖြစ်ပြီး ပဏာမ ရွေးချယ်ခံရသူစာရင်းမှ ပယ်ဖျက်မည် ဖြစ်ပါသည်။

(ဂ) ပဏာမ ရွေးချယ်ခြင်းခံရသူများသည် သတင်းပို့ရာတွင် အောက်ပါအချက်အလက်များကို ယူဆောင်လာရမည် ဖြစ်ပါသည် -

(၁) ပြင်ပဖြေဆိုသူများအနေဖြင့် သက်တမ်းတိုးပြီးသော အလုပ်သမားမှတ်ပုံတင်မှုရင်း (နိုင်ငံ့ဝန်ထမ်းဖြေဆိုသူများမလိုပါ)၊

(၂) ရက်သတ္တပတ် ( ၁ ) ပတ်အတွင်း ထုတ်ပေးထားသော ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ရပ်ကွက်/ ကျေးရွာတွင် အမှန်တကယ် နေထိုင်ကြောင်း ထောက်ခံချက်နှင့် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်းများ၊

(၃) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်းနှင့် ဘွဲ့လက်မှတ်မူရင်း။

(ဃ) ပဏာမရွေးချယ်ခြင်းခံရသူများသည် ဌာနသို့ ရောက်ရှိသတင်းပို့ပြီးနောက် ကျန်းမာရေးစစ်ဆေးမှု ပြီးစီးအောင်မြင်မှသာ အစမ်းခန့် (၁) နှစ် စတင်ခန့်ထားမည် ဖြစ်ပါသည်။

(င) ဝန်ထမ်းအဖြစ် ခန့်အပ်ခံရပါက ဤဦးစီးဌာနတွင် အနည်းဆုံး ( ၃ ) နှစ်တိတိ တာဝန်ထမ်းဆောင်ပါမည်ဟု ခံဝန်ကတိပြုရမည် ဖြစ်ပါသည်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

**ဒုတိယဦးစီးမှူးရာထူး (၁၅) နေရာအတွက် ပဏာမရွေးချယ်ခံရသူများစာရင်း**

**အသိပေးကြေညာခြင်း**

ရက်စွဲ၊ ၁၁ - ၁၀ - ၂၀၂၄

| စဉ် | အမည် | ခုံအမှတ် |
|---|---|---|
| ၁ | မသန္တာဦး | FRD-023 |
| ၂ | မနီနီဝင်းရွှေ | FRD-024 |
| ၃ | မောင်သန်းထွန်း | FRD-117 |
| ၄ | မဆုရတနာကျော် | FRD-078 |
| ၅ | မကြူကြူခိုင် | FRD-068 |
| ၆ | မတိုးရတနာငွေး | FRD-065 |
| ၇ | မဆုမြတ်အောင် | FRD-016 |
| ၈ | မခိုင်ဆုမွန် | FRD-041 |
| ၉ | မောင်ဝေလင်းကျော် | FRD-035 |
| ၁၀ | မသော်သော်ဇင် | FRD-004 |
| ၁၁ | မစိုးနန္ဒာထွေး | FRD-039 |
| ၁၂ | မမြတ်မဥ္ဇူမင်း | FRD-054 |
| ၁၃ | မကေရီဇော် | FRD-069 |
| ၁၄ | မောင်ထက်ဇော်ပိုင် | FRD-062 |
| ၁၅ | မနန်းရွှေအိမ် | FRD-021 |